မာတိကာ

ဆောင်းပါးကဏ္ဍ

- ချီလီနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော ပင်စင်ရန်ပုံငွေအစီအစဉ်

  (Administradoras de Fondos de Pensiones – AFPs)

- ပီတိကိုစားအားရှိပါ၏

- ခိုင်မာသော ပင်စင်စနစ်ဖြင့် လျင်ဘေးကို ရင်ဆိုင်ခြင်း

သတင်းကဏ္ဍ

- အငြိမ်းစား မိဘပြည်သူများအတွက် အပိုထောက်ပံ့ကြေးအကြောင်း သိကောင်းစရာ

ပင်စင်ဆိုင်ရာစာရင်းအင်းကဏ္ဍ

- လက်ရှိပင်စင်စားအင်အားနှင့် အသုံးစရိတ်အခြေအနေ
- ပင်စင်စားဦးရေနှင့် ပင်စင်အသုံးစရိတ်အခြေပြဇယား(၂၀၁၄ - ၂၀၁၅ မှ ၂၀၂၄-၂၀၂၅ထိ)
- ပင်စင်စားအင်အား နှင့် အသုံးစရိတ်စာရင်း (၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလ မှ ဒီဇင်ဘာလအထိ)
- တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပင်စင်စားအင်အားနှင့် အသုံးစရိတ်

  (၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလ မှ ဒီဇင်ဘာလ အထိ)

လုပ်ငန်းဆောင်ရွက်မှုကဏ္ဍ

- ပင်စင်ဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုနှင့် လှုပ်ရှားမှုများ
- အငြိမ်းစားများဆိုင်ရာကိစ္စရပ်များအား အသိပေးဆောင်ရွက်မှုအခြေအနေများ
- မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်



ဦးရဲညွန့်(ညွန်ကြားရေးမှူးချုပ်၊ပင်စင်ဦးစီးဌာန)

ချီလီနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော ပင်စင်ရန်ပုံငွေအစီအစဉ်
(Administradoras de Fondos de Pensiones – AFPs)

ဦးရဲညွန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန

နိဒါန်း

၁။ ချီလီနိုင်ငံတွင် ၁၉၂၀ ခုနှစ် အစောပိုင်းကတည်းက လူမှုဖူလုံရေးစနစ်ကို ထည့်ဝင်ကြေးပင်စင်အစီအစဉ်များဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်ကပင်စင်စနစ်သည်နိုင်ငံအများစုတွင် ကျင့်သုံးသကဲ့သို့ပင် မိရိုးဖလာအစိုးရပင်စင်အစီအစဉ်များ၏ အခြေခံသဘောတရားများ (သတ်မှတ်အကျိုးခံစားခွင့်ပေးခြင်း၊ အပိုင်းလိုက်ရန်ပုံငွေဖွဲ့စည်းထားခြင်း၊ အစိုးရမှ စီမံခန့်ခွဲခြင်း) အပေါ်တွင် အခြေခံထားပါသည်။ ဤအစီအစဉ်များသည် ၁၉၇၀ ခုနှစ်နှောင်းပိုင်းတွင် ပိုမိုတိုးတက်လာသည်နှင့်အမျှ အောက်ပါအကြောင်းအရင်းများကြောင့် အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့လာရပါသည် -

(က) စီမံခန့်ခွဲမှုကုန်ကျစရိတ်မြင့်မားခြင်း၊

(ခ) မျှတမှုမရှိခြင်း၊

(ဂ) မလိုအပ်သူများကို အကျိုးခံစားခွင့်များပေးခြင်း၊

(ဃ) အကျိုးစီးပွားရရှိသူများမှ စနစ်ကို လက်ဝါးကြီးအုပ်ထားခြင်း၊

(င) စနစ်အရင်းအမြစ်များ ပြန်လည်ဖြန့်ခွဲမှု မမျှတခြင်း။

၂။ အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့လာရသည့်အခါ ပင်စင်စနစ်ပြုပြင်ပြောင်းလဲမှုကို ပြုလုပ်ခဲ့ပါသည်။ ပြုပြင်ပြောင်းလဲထားသော ပင်စင်စနစ်သည် ပင်စင်ရန်ပုံငွေ (Administradoras de Fondos de Pensiones – AFPs) အစီအစဉ် ဖြစ်ပါသည်။ ယင်းအစီအစဉ်၏ပုံစံမှာ မဖြစ်မနေတစ်ဦးချင်း ရင်းနှီးမြှုပ်နှံမှုပုံစံ (Mandatory Individual Capitalization Model) ဖြစ်ပါသည်။ အဓိကလက်ရှိ ချီလီနိုင်ငံပင်စင်စနစ်တွင် အောက်ပါအစီအစဉ် (၆) မျိုး ပါဝင်ပါသည် -

(က) ထည့်ဝင်ကြေးထည့်ဝင်ရန်မလိုသည့် "လူမှုရေး" (သို့မဟုတ် သက်သာချောင်ချိရေး) ပင်စင် အစီအစဉ် (PASIS)၊

(ခ) ပင်စင်ရန်ပုံငွေ (Administradoras de Fondos de Pensiones – AFPs) အစီအစဉ်နှင့် Institute of Social Security Normalization (INP) အစီအစဉ်တွင် ပါဝင်သူများအတွက် အနိမ့်ဆုံးဖြစ်သည့် ပင်စင်အစီအစဉ် (Minimum Pension Program)၊

(ဂ) INPမှ စီမံခန့်ခွဲသည့် ထည့်ဝင်ကြေးထည့်ဝင်ရသည့် ပင်စင်အစီအစဉ်များ သို့မဟုတ် ပြည်သူ့ပင်စင်အစီအစဉ်များ (Public Pension Programs) (၁၉၈၀ ခုနှစ် ပြုပြင်ပြောင်းလဲမှုကြောင့် မေးမှိန်လာသည့် အစီအစဉ်များ)၊

(ဃ) တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ပင်စင်အစီအစဉ်၊

(င) ပင်စင်ရန်ပုံငွေအစီအစဉ် (Administradoras de Fondos de Pensiones – AFPs)၊

(စ) ဆန္ဒအလျောက်ပါဝင်နိုင်သည့်(အခွန်ကင်းလွတ်ခွင့်ပေးထားသည့်)အစီအစဉ်ဖြစ်ပြီး AFPနှင့် အခြား ပုဂ္ဂလိက ငွေကြေးဆိုင်ရာ အဖွဲ့အစည်း (အဓိကအားဖြင့် အစုရှယ်ယာအကျိုးတူ ရန်ပုံငွေများ (Mutual Funds) နှင့် အသက်အာမခံကုမ္ပဏီများ) များမှ စီမံခန့်ခွဲသည့် အစီအစဉ်။

၃။ ကမ္ဘာ့ဘဏ်၏ အခေါ်အဝေါ်အရ အနိမ့်ဆုံးပင်စင်အစီအစဉ် (Minimum Pension)နှင့် လူမှုရေးပင်စင် အစီအစဉ် (PASIS) သည် ချီလီနိုင်ငံပင်စင်စနစ်၏ ပထမမဏ္ဍိုင်ဖြစ်ပါသည်။ ပြည်သူ့ထည့်ဝင်ကြေး ပင်စင် အစီအစဉ်များ (INP) ၊ ပင်စင်ရန်ပုံငွေအစီအစဉ် (Administradoras de Fondos de Pensiones – AFPs) နှင့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ ပင်စင်အစီအစဉ်အမျိုးမျိုးတို့သည် ဒုတိယမဏ္ဍိုင်ဖြစ်ပြီး ဆန္ဒ အလျောက်ထည့်ဝင်သည့် ပင်စင်အစီအစဉ်သည် တတိယမဏ္ဍိုင် ဖြစ်ပါသည်။ အဆိုပါမဏ္ဍိုင်များအား အောက် ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည် -



ပင်စင်စနစ်ပြုပြင်ပြောင်းလဲမှုခရီး

၄။ ၁၉၇၃ ခုနှစ်နှင့် ၁၉၇၉ ခုနှစ်အကြားတွင် ပင်စင်စနစ်သစ်တစ်ခုအတွက် အခြားသော ဒီဇိုင်းပုံစံအမျိုးမျိုးကို ဆွေးနွေးခဲ့ပါသည်။ သမ္မတ အော်ဂပ်စတိုပီနိုချေ (Mr.Augusto Pinochet) အုပ်ချုပ်သည့် ကာလအတွင်း ပင်စင်စနစ်အား PAYGO စနစ်မှ ပုဂ္ဂလိကပင်စင်ရန်ပုံငွေများမှ ဆောင်ရွက်သော အပြည့်အဝ ရန်ပုံငွေ ဖော်ဆောင်သည့်စနစ် (Fully Funded Capitalization System) သို့ ပြောင်းလဲခြင်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။

José Piñera, Minister of
Minister of Labour and Social Forecast
(26 December 1978 – 29 December 1980)

၅။ ၄-၁၁-၁၉၈၀ ရက်နေ့တွင် အလုပ်သမားနှင့် လူမှုရေးဝန်ကြီးဌာနမှ ဝန်ကြီး

Mr.Jose Pinera မှ ဦးဆောင်၍ Chicago Boysအဖွဲ့(*၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ချီလီနိုင်ငံမှ ထင်ရှားသောစီးပွားရေးပညာရှင်အဖွဲ့*) နှင့် ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများကို အကောင်အထည်ဖော်၍ PAYGO စနစ်မှ အပြည့်အဝရန်ပုံငွေ ဖော်ဆောင်သည့်စနစ်(Fully Funded Capitalization System)သို့ပြောင်းလဲခဲ့ပါသည်။ ဝန်ကြီး Mr.Jose Pinera သည် ပင်စင်စနစ်ပထမဦးဆုံးအကြိမ်အဖြစ် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကို Milton Friedman ၏ Capitalism and Freedom စာအုပ် ဖတ်ရှုပြီးနောက် အကြံဉာဏ်ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် ပင်စင်ရန်ပုံငွေ (Administradoras de Fondos de Pensiones – AFPs) များကို ထူထောင်ဆောင်ရွက်ခဲ့ပါသည်။

အကျိုးခံစားခွင့်များ

၆။ ပုဂ္ဂလိကပင်စင်ရန်ပုံငွေအစီအစဉ်များ (Administradoras de Fondos de Pensiones – AFPs) တွင် သက်ကြီးပင်စင်၊ မသန်စွမ်းပင်စင်၊ မိသားစုပင်စင်နှင့် အသုဘစရိတ်ထောက်ပံ့ကြေးတို့ကို အောက်ပါအတိုင်း ခံစားခွင့်ပေးပါသည်-

(က) **သက်ကြီးပင်စင်** - သက်ကြီးပင်စင်ပမာဏသည် အလုပ်သမားတစ်ဦးချင်းစီ၏ တစ်ဦးချင်းငွေစာရင်း၌ ပင်စင်ယူချိန်တွင် စုဆောင်းထားသော စာရင်းရှိငွေ၊ မိသားစုဘဝမျှော်မှန်းချက်များနှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ခန့်မှန်းချက်တို့အပေါ် မူတည်ပါသည်။ ဤအကျိုးခံစားခွင့်ရရှိရန်အတွက် အမျိုးသားတစ်ဦးသည် အသက် ၆၅ နှစ် ပြည့်ရမည်ဖြစ်ပြီး အမျိုးသမီးတစ်ဦးသည် အသက် ၆၀ နှစ် ပြည့်ရမည် ဖြစ်ပါသည်။ သို့ရာတွင် အလုပ်သမားများသည် တစ်ဦးချင်း ငွေစာရင်းရှိငွေသည် ၎င်းတို့၏ပျမ်းမျှလစာနှင့်စရိတ်၏၅၀%ထက်ပိုပြီး နိုင်ငံတော်မှပေးရန် အာမခံထားသော အနိမ့်ဆုံးပင်စင်(Minimum Pension)၏ ၁၅၀% ထက် ပိုသောပမာဏရှိသည့် အကျိုးခံစားခွင့် ရရှိနိုင်ချိန်တွင် "**ကြိုတင် (သို့မဟုတ် မျှော်မှန်းထားသည့်) သက်ကြီးပင်စင်**" အတွက် လျှောက်ထားနိုင်ပါသည်။

(ခ) **မသန်စွမ်းပင်စင်** - အငြိမ်းစားမယူသေးသည့် အသက် ၆၅နှစ်/၆၀နှစ်အောက် ထည့်ဝင်ကြေးထည့်ဝင်နေသည့် အဖွဲ့ဝင်များအားလုံး၊ အလုပ်လက်မဲ့ဖြစ်သည့်ကာလမှာ ၁၂ လအထိရောက်

နေသူများသည် "**အလုပ်နှင့်မသက်ဆိုင်သော**" မတော်တဆမှု သို့မဟုတ် နာမကျန်းမှု ဖြစ်သည့် ကိစ္စရပ်များတွင် မသန်စွမ်းပင်စင်ကို ခံစားခွင့်ရှိပါသည်။ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝ ခံစားခွင့်ရှိပါသည်။ အလုပ်လုပ်နိုင်စွမ်းဆုံးရှုံးမှုမှာ ၅၀% ထက်ပိုပြီး သုံးပုံနှစ်ပုံအောက် လျော့နည်းပါက အလုပ်သမားသည် တစ်စိတ်တစ်ပိုင်း မသန်စွမ်းပင်စင်ခံစားခွင့်ရှိနိုင်ပါသည်။ အလုပ်လုပ်နိုင်စွမ်း သုံးပုံနှစ်ပုံထက်ပိုမိုဆုံးရှုံးမှသာ အပြည့်အဝမသန်စွမ်းသူအဖြစ် မှတ်ပုံတင်နိုင်ပါသည်။ ပုဂ္ဂလိကပင်စင်ရန်ပုံငွေအစီအစဉ်များ (Administradoras de Fondos de Pensiones – AFPs) ကြီးကြပ်ရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာ ကော်မရှင်တစ်ခုသည် မသန်စွမ်းမှုဆိုင်ရာ တင်ပြချက်ကို အကဲဖြတ်ပြီး ကနဦးမသန်စွမ်းမှုအစီရင်ခံစာကို ထုတ်ပေးပါသည်။ ဤအစီရင်ခံစာကို သုံးနှစ်အကြာတွင် ပြန်လည်စစ်ဆေးပြီး ဒုတိယမြောက် ဆုံးဖြတ်ချက်ကို ပြန်လည်ထုတ်ပြန်ပေးပါသည်။ ထိုဒုတိယမြောက်ဆုံးဖြတ်ချက်သည် မသန်စွမ်းမှုအခြေအနေကို နောက်ဆုံးအတည်ပြုခြင်းဖြစ်ပြီး ၎င်း၏အဆင့်ကို တစ်စိတ်တစ်ပိုင်းမှ အပြည့်အဝသို့ ပြင်ဆင်ခြင်း သို့မဟုတ် အပြည့်အဝမှ တစ်စိတ်တစ်ပိုင်းသို့ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ချခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ အဖွဲ့ဝင်သည် မသန်စွမ်းမှုအခြေအနေ ပထမဆုံးအကြိမ် သတ်မှတ်ခံရသည့်အချိန်တွင် ပင်စင်လစာကိုစတင်ရရှိမည် ဖြစ်ပါသည်။

(ဂ) **မိသားစုပင်စင်** - မိသားစုပင်စင်များကို အသက်ရှင်ကျန်ရစ်သည့် ဇနီး/ခင်ပွန်း၊ သား/သမီး (တရားဝင်မွေးစားထားသော သား/သမီးနှင့် သား/သမီးအရင်း) နှင့်သား/သမီးအရင်းများ၏ မိခင်များက ခံစားခွင့်ရှိပါသည်။ ဤအကျိုးခံစားခွင့်အမျိုးအစားအတွက် အကျိုးခံစားမည့်သူများ မရှိပါက သေဆုံးသူ၏မိဘများသို့ လွှဲပြောင်းပေးရမည် ဖြစ်ပါသည်။ ဥပဒေတွင် မသန်စွမ်းအကျိုးခံစားခွင့်များ နှင့် မိသားစုအကျိုးခံစားခွင့်များကို "**အခြေခံလစာစရိတ်**" ၏ ရာခိုင်နှုန်းတစ်ခုအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ "**အခြေခံလစာစရိတ်**" ဆိုသည် မှာ တာဝန်ထမ်းဆောင်နေစဉ် ရရှိခဲ့သည့် လစာစရိတ်များ၏ ပျမ်းမျှကို ဆိုလိုခြင်းဖြစ်ပြီး ယင်းကာလအတွင်း စားသုံးသူ ဈေးဆနှုန်း (Consumer Price Index) အပြောင်းအလဲဖြင့် ပြန်လည်၍ ပြင်ဆင်ပေးမည် ဖြစ်ပါသည်။

(ဃ) **ဈာပနစရိတ်ထောက်ပံ့ကြေး** - သေဆုံးသွားသော အဖွဲ့ဝင်တစ်ဦး၏ ဈာပနအသုံးစရိတ်များ ငွေကြေးကုန်ကျခံခဲ့ကြောင်း အထောက်အထားပြနိုင်သူမည်သူမဆို သေဆုံးသူနှင့် အိမ်ထောင်ရေး သို့မဟုတ် သွေးရင်းသားရင်းချာဆက်နွယ်မှုမရှိစေကာမူ ဤအကျိုးခံစားခွင့်ကို ခံစားခွင့်ပြုမည် ဖြစ်ပါသည်။ မသန်စွမ်းဖြစ်မှုအာမခံနှင့် မိသားစုအာမခံများတွင် အကျုံးဝင်သော ဤဈာပနစရိတ် ထောက်ပံ့ကြေးတန်ဖိုးမှာ UF 15 ဖြစ်ပြီး (၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ ရှိ စာရင်းများအရ အမေရိကန်ဒေါ်လာ ၅၉၀ နှင့် ညီမျှသည်)

ပင်စင်များအတွက် ငွေကြေးမတည်ဆောင်ရွက်မှုများ

၇။ AFP အစီအစဉ်အတွက် ထည့်ဝင်ကြေးနှုန်းထားများမှာ အလုပ်သမားများ၏ လစာနှင့်စရိတ်၏ ၁၀% ဖြစ်ပါသည်။ ပင်စင်ထည့်ဝင်ကြေးများကို ဝင်ငွေခွန်ကောက်ခံခွင့်ရှိသော လစာဝင်ငွေမှ ဖြတ်တောက်ပါသည်။ ပင်စင်သည်လည်း ဝင်ငွေခွန်ကောက်ခံခွင့်ရှိသော ဝင်ငွေတွင် ပါဝင်ပါသည်။

၈။ အလုပ်ရှင်သည် အလုပ်သမားတစ်ဦးချင်းစီ၏ လုပ်ခလစာများမှ ထည့်ဝင်ကြေးများကို ဖြတ်တောက်ပြီး အလုပ်သမားတစ်ဦးချင်းစီ၏ ရွေးချယ်ထားသော AFP ပင်စင်အစီအစဉ်များတွင် ထည့်ဝင်ပေးပါသည်။ စုပေါင်း ပင်စင်ရန်ပုံငွေများကို ခွင့်ပြုထားသော ငွေကြေးဈေးကွက်များ (Authorized Financial Assets) တွင် ရင်းနှီး မြှုပ်နှံပါသည်။ တစ်ဦးချင်းငွေစာရင်းများတွင် ထည့်ဝင်ကြေးစုစုပေါင်းနှင့် ရင်းနှီးမြှုပ်နှံမှုများမှ ပြန်လည်ရရှိသည့် အကျိုးအမြတ်များ ပါဝင်ပါသည်။

၉။ AFP အဖွဲ့ဝင်များသည် မိမိတို့၏ အငြိမ်းစား အကျိုးခံစားခွင့်အဆင့်များ သို့မဟုတ် အကျိုးခံစားခွင့် ခံစားရန် ကြာချိန်တို့ကို ဆန္ဒအလျောက်ထည့်ဝင်ကြေးများထည့်ဝင်၍ မြင့်တက်အောင် ဆောင်ရွက်နိုင်ပါသည်။ အဆိုပါ ဆန္ဒအလျောက်ထည့်ဝင်ကြေးများကို ဝင်ငွေခွန်ကင်းလွတ်ခွင့် ပြုထားပါသည်။

ပင်စင်ရန်ပုံငွေရင်းနှီးမြှုပ်နှံခြင်း

၁၀။ ပင်စင်ရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှုများကို အရေးအတွက်ဖြင့်ဖော်ပြထားသော ရင်းနှီးမြှုပ်နှံမှုအစု အမျိုးအစား များဆိုင်ရာ စည်းမျဉ်းများ (Rules on the diversification of pension fund portfolios) ဖြင့် တင်းကြပ်စွာ သတ်မှတ်ထားပါသည်။ ပင်စင်ရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေကြေးဈေးကွက် အချို့ကိုသာ ခွင့်ပြုထားပြီး၊ စည်းမျဉ်းများက ပိုင်ဆိုင်မှုအမျိုးအစားများ၊ ငွေကြေးဆိုင်ရာ ကြားခံကိရိယာများ၊ အာမခံကုမ္ပဏီများနှင့် သက်ဆိုင်ရာ AFP များနှင့် ဆက်စပ်သည့်လုပ်ငန်းများတွင် အမြင့်ဆုံးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ကန့်သတ် သတ်မှတ်ပေးထားပါသည်။

အစိုးရ၏ တာဝန်

၁၁။ ပင်စင်ရန်ပုံငွေ (AFPs) များတည်ထောင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုကို ဥပဒေပြဋ္ဌာန်းဆောင်ရွက် ပါသည်။ ဥပမာ - မည်သည့်ပင်စင်ရန်ပုံငွေမဆို အနည်းဆုံးအရန်ငွေများဖြင့် စရံငွေမတည်ကြရပါသည်။ ခွင့်ပြု ထားသောရင်းနှီးမြှုပ်နှံမှုအမျိုးအစားများကို ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ပုဂ္ဂလိက ပင်စင် ရန်ပုံငွေ များ၏ လေးစားလိုက်နာမှုကို ယခု Superintendencia de Pensions ဟုခေါ်သော အစိုးရ ဥပဒေအဖွဲ့တစ်ဖွဲ့ (A Government Regulator) က ကြီးကြပ်ကွပ်ကဲပါသည်။

ထည့်ဝင်ကြေး ထည့်ဝင်သူများ

၁၂။ အလုပ်သမားများနှင့် ဝန်ထမ်းများအားလုံးသည် စနစ်သို့ထည့်ဝင်ကြေးများ ထည့်ဝင်ရမည် ဖြစ်ပါသည်။ မဖြစ်မနေထည့်ဝင်ရမည့် ပမာဏသည် လစဥ်ဝင်ငွေ၏ ၁၀% ဖြစ်ပြီး အမေရိကန် ဒေါ်လာ ၂,၈၀၀ ထက်ကျော်လွန်သော လစဥ်ဝင်ငွေအစိတ်အပိုင်းသည် ထည့်ဝင်စရာမလိုပါ။ ကိုယ်ပိုင်လုပ်ငန်းရှင်များသည် ဆန္ဒအလျောက် ထည့်ဝင်နိုင်ပြီး လစာရ အလုပ်သမားများသည် ထပ်ဆောင်းထည့်ဝင်ကြေးများကို ဆန္ဒအလျောက် ထည့်ဝင်၍ ၎င်းတို့၏ ပင်စင်ကို တိုးမြှင့်နိုင်ပါသည်။ ချီလီတပ်မတော်နှင့် ရဲတပ်ဖွဲ့သည် အလုပ်သမား ပင်စင်စနစ်ကို ထည့်ဝင်ကြေးများ ထည့်ဝင်စရာမလိုဘဲ သီးခြား PAYGO စနစ်တွင် ပါဝင်နိုင်ပါသည်။

နိဂုံး

၁၃။ ချီလီနိုင်ငံတွင် ပင်စင်အကျိုးခံစားခွင့်အစီအစဉ် (၆)ခု ရှိပါသည်။ အဆိုပါအစီအစဉ် (၆)ခု အနက် ချီလီနိုင်ငံ၏ ပင်စင်စနစ်တွင် အဓိကလူသိများပြီး အရေးပါသောအစီအစဉ်မှာ ပင်စင်ရန်ပုံငွေ (Administra- doras de Fondos de Pensiones– AFPs) အစီအစဉ် ဖြစ်ပါသည်။ အဆိုပါစနစ်သည် မူလ Pay-As-You-Go ပင်စင်စနစ်မှ အပြည့်အဝရန်ပုံငွေဖွဲ့စည်းထားပြီး တစ်ဦးချင်းစုဆောင်းခြင်းစနစ် (Fully-Funded, Individual Capitalization) ဖြစ်ပါသည်။ အဖွဲ့ဝင်တိုင်းအတွက် သီးသန့်ပင်စင်ငွေစာရင်းရှိပြီး ကိုယ်တိုင်စုဆောင်းငွေမှ နောင်တွင် ပင်စင်ခံစားခွင့်ရသည့် ပုဂ္ဂလိကပိုင် ပင်စင်စနစ်တစ်ခု ဖြစ်ပါသည်။

၁၄။ ပင်စင်ရန်ပုံငွေ (Administradoras de Fondos de Pensiones – AFPs) အစီအစဉ်သို့ ပြုပြင်ပြောင်းလဲခြင်းသည် ထိုအချိန်က နိုင်ငံ၏ ငွေကြေးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခဲ့ခြင်း၊ စုဆောင်းငွေနှင့် ပင်စင်ခံစားခွင့် တိုက်ရိုက်ဆက်စပ်မှုရှိခြင်းနှင့် အစိုးရ၏ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး လျော့ကျစေခြင်း စသည့် အားသာချက်များရှိသကဲ့သို့ အကျိုးခံစားခွင့်မညီမျှခြင်း၊ စနစ်ဟောင်းရောစနစ်သစ်ပါ ဆောင်ရွက်နေရသည့်အတွက် အုပ်ချုပ်မှုကုန်ကျစရိတ်များ မြင့်မားနေခြင်း၊ ထည့်ဝင်ကြေးများ၏ ရင်းနှီးမြှုပ်နှံမှုများသည် ဈေးကွက်စီးပွားရေးအပေါ် မူတည်ဆောင်ရွက်နေရသည့်အတွက် တည်ငြိမ်မှုမရှိနိုင်ခြင်း စသည့် အားနည်းချက်များကို ထင်ဟပ်ပြသနေသော ပုဂ္ဂလိကပင်စင်စနစ်တစ်ခု ဖြစ်ပါသည်။

ရည်ညွှန်းကိုးကားချက်များ

- Chile’s Next Generation Pension Reform
- Chile – Pension Reform and the New Pension Scheme
- Pension Reform in Chile Revisited: What Has Been Learned?
- https://www.dlapiper.com/en/insights/publications/2025/08/chile-mixed-pension-and-social-security-system

“ပီတိကိုစားအားရှိပါ၏”

ပင်စင်ဦးစီးဌာနသည် အငြိမ်းစားဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့သည့် ကာလအလိုက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပင်စင်အကျိုးခံစားခွင့်ရရှိစေရန် ဆောင်ရွက်ပေးသောဌာနဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ ပင်စင်ဆိုင်ရာ ကိစ္စရပ်များအတွက် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။

ထို့အတူ ပင်စင်ဦးစီးဌာနရုံးခွဲ တစ်ခုဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ပင်စင်ဦးစီးဌာန ဦးစီးမှူးရုံးသည်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိသည့် အငြိမ်းစားများ၏ ပင်စင်ဆိုင်ရာ ကိစ္စရပ်များကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ထိုကဲ့သို့ ပင်စင်ဆိုင်ရာကိစ္စရပ်များကို ဝန်ဆောင်မှုပေးနေစဉ် တစ်နေ့မှာတော့.......... တနင်္သာရီတိုင်းဒေသကြီး ပင်စင်ဦးစီးဌာနဦးစီးမှူးရုံးသို့ အသက် ၇၀ နှစ်ခန့်ရှိသည့် အဖွားအို တစ်ဦး ရောက်ရှိလာပြီး သူ့အမျိုးသား သေဆုံးသွားတဲ့အတွက် မိသားစုပင်စင်လျှောက်ထားချင်လို့ပါ ဟုဆိုကာ ပင်စင်စာအုပ်လေး ကိုင်ပြီး ရောက်ရှိလာပါတယ်။.............

တိုင်းဦးစီးမှူးနှင့်ဝန်ထမ်းများက အဖွားကို ထိုင်စရာနေရာပေး၍ အဖွားရဲ့ ပင်စင်စာအုပ်ကို စစ်ဆေးကြည့်ပြီး အဖွား၏ အမျိုးသား ပင်စင်ထုတ်ယူခဲ့တဲ့ဘဏ်မှာ ပင်စင်စားသေဆုံးသွားပြီဖြစ်တဲ့အကြောင်း အကြောင်းကြားရမှာဖြစ်တယ်၊ အဲ့ဒီဘဏ်ကနေ ဘယ်ကာလအထိ ပင်စင်ထုတ်ယူပြီးပြီဆိုတဲ့ ထောက်ခံချက်ယူဖို့လိုတယ် ၊ ဒါ့အပြင် အဖွား၏ အမျိုးသား အငြိမ်းစားမယူမီ တာဝန်ထမ်းဆောင်ခဲ့သည့် ဌာနကိုသွားပြီး မိသားစုပင်စင်လျှောက်ရန် အကြောင်းကြားရမှာဖြစ်ပြီး အဖွားရဲ့ အမျိုးသား သေဆုံးကြောင်း အတည်ပြုထားတဲ့ သေစာရင်း၊ တရားဝင်ဇနီးဖြစ်ကြောင်းနှင့် နောက်အိမ်ထောင်ပြုထားခြင်းမရှိကြောင်း ထောက်ခံစာလည်း လိုမှာဖြစ်တယ်၊ လိုအပ်တဲ့ အထောက်အထားတွေနဲ့အတူ သက်ဆိုင်ရာဌာနမှ အမှုတွဲပြုစုပြီး ပင်စင်ဦးစီးဌာနသို့ ပို့လာတဲ့အခါ ပင်စင်ဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းဥပဒေ၊နည်းဥပဒေများနှင့်အညီ မိသားစုပင်စင် အကျိုးခံစားခွင့်ကို တွက်ချက် စိစစ်ပေးပြီး ဘဏ်သို့ ပင်စင်ငွေပေးမိန့်ထုတ်ပြန်ပေးမှသာ ဘဏ်မှာ မိသားစုပင်စင် ထုတ်ယူ၍ ရမှာဖြစ်တယ်လို့ သေသေချာချာနဲ့ နားလည်အောင် ရှင်းပြခဲ့ရပါတယ်။................

အဖွားမှာ ပင်စင်ဆိုင်ရာကိစ္စတွေကို လိုက်ပါဆောင်ရွက်ပေးရန်အတွက် သား/သမီးတွေကလည်း အဝေးမှာ ရောက်နေတာဖြစ်လို့ ဘယ်လိုလုပ်ရမယ် မသိကြောင်း၊ ဌာနဆိုင်ရာတွေကိုလည်း မသွားတတ်ကြောင်း မျက်ရည်လေးဝဲပြီး ပြောလာပါတယ်။................

အဲ့ဒီအခါမှာ တိုင်းဦးစီးမှူးနှင့် ဝန်ထမ်းများက အဖွား အမျိုးသား ပင်စင်ထုတ်ယူနေတဲ့ လောင်းလုံဘဏ်ခွဲမှ ဘဏ် မန်နေဂျာနှင့် ချိတ်ဆက်ပြီး ယခု ရောက်ရှိလာမည့် အဖွား၏ အမျိုးသား ပင်စင်လစာ နောက်ဆုံးထုတ်ယူခဲ့တဲ့ကာလကို စိစစ် ပေးရန်နှင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် အကူအညီ လှမ်း တောင်းတဲ့အခါ ဘဏ်မန်နေဂျာမှလည်း အဖွားကို ဘဏ်သို့ လာခိုင်းလိုက်ပါ ဆောင်ရွက်ပေးပါ့မယ်လို့ ဆိုပါတယ်။..................

ဘဏ်ကိစ္စပြီးတဲ့အခါ သက်ဆိုင်ရာဌာနကို ဖုန်းဆက်ပြီး အဖွား၏အမျိုးသားသည် အဆိုပါ ဌာန၏ ဝန်ထမ်း ဟုတ်မဟုတ်နှင့် မှန်ပါက မိသားစုပင်စင်ဆိုင်ရာများ ဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားပေးခဲ့ ပါတယ်။..................

အဆိုပါဌာနကလည်း သူတို့ရဲ့ အငြိမ်းစားဝန်ထမ်းဖြစ်ကြောင်း မိသားစုပင်စင်အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည် အကြောင်းကြားခဲ့ပါတယ်။.............

ဒါဆိုအဆင်ပြေသွားပြီ အဖွား သွားရမည့် ဌာနတွေကို စာလေးရေးပေးကာ စိတ်ချရတဲ့ အိုးဝေ Taxi လေး ငှားပေးပြီး သွားခိုင်းလိုက်ပါတယ်။ နောက်နှစ်ပတ်ခန့်အကြာမှာတော့ အဖွားရဲ့ အမှုတွဲ ပင်စင်ဦးစီးဌာနကို ရောက်လာပါပြီ။ ....

အဖွား၏ မိသားစုပင်စင် ငွေပေးမိန့်မှာ လက်မှတ်ထိုးပေးရင်း ပင်စင်ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ ဝန်ထမ်းတွေရဲ့ ကြိုးပမ်းဆောင်ရွက်မှု၊ အငြိမ်းစားများအပေါ် ဝန်ဆောင်မှု ကောင်းစွာပေးမှု ၊ သက်ကြီးရွယ်အို မိသားစုဝင်တွေအပေါ် နွေးထွေးစွာဖြင့် နားလည်အောင် ရှင်းလင်းပေးမှု၊ သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုတွေကြောင့် သက်ကြီးရွယ်အို အဖွား၏ မိသားစု ပင်စင်ခံစားခွင့်ကို အချိန်တိုအတွင်းမှာ ခံစားခွင့်ရရှိ သွားပြီမို့ ကြည်နူးပျော်ရွှင်ခဲ့ရပါတယ်။ ....

ကျွန်မတို့ ဝန်ထမ်းတွေ **“ပီတိကိုစားတဲ့ အားတွေနဲ့”** နောင်လာမည့် အငြိမ်းစားများနှင့် ဝန်ထမ်း မိသားစုဝင်များ၏ ပင်စင်အကျိုးခံစားခွင့်များကိုလည်း အကောင်းဆုံး ဝန်ဆောင်မှုတွေ ပေးသွားမှာဖြစ်တယ်လို့ သံဓိဋ္ဌာန်ချမှတ်ထားပါတယ်။ ....**“ပီတိကိုစားအားရှိပါ၏”..................**

ဒေါက်တာခင်ဥမ္မာကျော်
ပင်စင်ဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး

ခိုင်မာသော ပင်စင်စနစ်ဖြင့် ငလျင်ဘေးကို ရင်ဆိုင်ခြင်း

သဘာဝဘေးအန္တရာယ်သည် ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ရုတ်တရက် ရောက်ရှိလာ တတ်သည့် ဘေးအန္တရာယ်ဆိုးတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စစ်ကိုင်းပြတ်ရွေ့အပါအဝင် ငလျင်ကြောများပေါ်တွင် တည်ရှိနေသောကြောင့် ငလျင်ဘေးအန္တရာယ် မကြာခဏဖြစ်ပေါ်နေပါသည်။ ငလျင်ကြောင့် အဆောက်အအုံများ ပျက်စီးခြင်း၊ လူသားများ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံး ခြင်း၊ စားဝတ်နေရေးခက်ခဲခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ တုန်လှုပ်မှုများနှင့် ကြုံတွေ့ခဲ့ရပါသည်။ မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူးနှင့် စစ်ကိုင်းတို့သည် **စစ်ကိုင်းပြတ်ရွေ့ (Sagaing Fault)** အနီးတွင် တည်ရှိနေကြသည်။

၂၈-၃-၂၀၂၅ ရက်နေ့တွင် 7.7M ရှိသော အင်အားပြင်း ငလျင်တစ်ခု လှုပ်ခတ်ခဲ့သောကြောင့် အဆောက်အအုံများ ပျက်စီးခြင်းသာမက နိုင်ငံ၏ ဘဏ္ဍာရေး ယန္တရားတစ်ခုလုံးကို ရိုက်ခတ်သွားစေပါသည်။ မြန်မာနိုင်ငံ ဒေသအချို့တွင် နေရာဒေသမရွေး ၊ အချိန်မရွေး သဘာဝဘေးအန္တရာယ်များ၊ ငလျင်ဘေး အန္တရာယ်များကြောင့် လူသားများ၏ အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာပစ္စည်းဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ခဲ့သည့်အတွက် ယခုအခါ ငလျင်ဘေး အန္တရာယ်ကို လူသားတိုင်း၏စိတ်တွင် ခြိမ်းခြောက် တုန်လှုပ်မှုကို ဖြစ်ပေါ်စေသည်။ တစ်ဖက်တွင်လည်း နိုင်ငံ့ဝန်ထမ်းဟောင်းများနှင့် သက်ကြီးရွယ်အိုများအတွက် အဓိက မှီခို အားထားရာ ဖြစ်သော ပင်စင်စနစ်သည် နိုင်ငံတော်၏ ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် တိုက်ရိုက် သက်ဆိုင်နေသည်။ ပထမအမြင်တွင် သီးခြားစီဟု ထင်ရ သော်လည်း ငလျင်ဘေးနှင့် ပင်စင်စနစ်သည် "ဘဏ္ဍာရေး လုံခြုံမှု" နှင့် "လူသားချင်းစာနာမှု" ဟူသော အချက် များတွင် နက်ရှိုင်းစွာ ဆက်နွယ်နေပါသည်။

ငလျင်ကြောင့် ပျက်စီးသွားသော လမ်းတံတားများ၊ ဆေးရုံများ ၊ အစိုးရရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ယာ အဆောက်အအုံများနှင့် စာသင်ကျောင်းများကို ပြန်လည်တည်ဆောက်ရန် အစိုးရက ငွေကြေးအမြောက်အမြား သုံးစွဲ၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက် လျက်ရှိပါသည်။ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၏ စားဝတ်နေရေး အဆင်ပြေ စေရန်အတွက် ထောက်ပံ့မှုများ၊ Container House များတည်ဆောက်မှုများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပင်စင်စားအများစုသည် ၎င်းတို့ဝန်ထမ်းဘဝတစ်လျှောက် စုဆောင်းငွေဖြင့် နေအိမ်များဆောက်လုပ် နေထိုင်ကြပါသည်။ အာမခံစနစ် အားနည်းသော အခြေအနေတွင် ငလျင်ကြောင့် နေအိမ်ပျက်စီးသွားပါက အသစ်ပြန်လည်တည်ဆောက်ရန် အင်အားမရှိဘဲ ဘဝနေဝင်ချိန်တွင် အိုးမဲ့အိမ်မဲ့ ဖြစ်ရသည့် အန္တရာယ် ရှိနိုင်ပါသည်။ ပင်စင်စားများအနေဖြင့် ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့လာရသည့်အခါ အောက်ပါအတိုင်း ကြိုတင်ကာကွယ်ရန် ပြင်ဆင်ထားရှိသင့်ပါသည် -

- ပင်စင်စာအုပ်နှင့် အရေးကြီးစာရွက်စာတမ်းများကို ရေစိုခံအိတ်ဖြင့် တစ်စုတစ်စည်းတည်း ထားရှိရန်၊
- ဖြစ်နိုင်ပါက မိုဘိုင်းလ်ဘဏ်စနစ်များ အသုံးပြုတတ်အောင် လေ့လာထားရန်၊
- အရေးပေါ် ဆက်သွယ်ရမည့် ပင်စင်ဦးစီးဌာန ရုံးဖုန်းနံပါတ်များကို မှတ်သားထားရန်။

ငလျင်နှင့် ပင်စင်စနစ်ကြားရှိ အားနည်းချက်များကို ကုစားရန်အတွက် အောက်ပါအချက်များကို လုပ်ဆောင်သင့်သည်ဟု ပညာရှင်များက ထောက်ပြကြပါသည်-

(က)အာမခံစနစ်ဖြင့် အကာအကွယ်ယူခြင်း)Property Insurance)

မိမိတို့ ရင်းနှီးမြှုပ်နှံထားသော အိမ်ရာများအတွက် **"သဘာဝဘေးအန္တရာယ် အာမခံ) "Natural Disaster Insurance)** ထားရှိခြင်းသည် အမြော်အမြင်ရှိသော လုပ်ရပ်ဖြစ်သည်။ ၎င်းကြောင့် နေအိမ်ပျက်စီးသွားပါက အာမခံ ကုမ္ပဏီမှ ပြန်လည်ရရှိမည့် လျော်ကြေးငွေသည် ပင်စင်စားတစ်ဦးအတွက် ဘဝကို အစမှ ပြန်လည် စတင်ရန် အားအကောင်းဆုံး အရင်းအနှီး ဖြစ်လာပါလိမ့်မည်။

(ခ) လူမှုကာကွယ်စောင့်ရှောက်ရေး အာမခံ (Social Insurance)

ပင်စင်စားများအတွက် သဘာဝဘေးအန္တရာယ် အာမခံစနစ်ကို ပေါင်းစပ်ထည့်သွင်းသင့်သည်။ ၎င်းကြောင့် အိုးအိမ်ပျက်စီးပါက ပင်စင်စနစ်အတွင်းမှာပင် ထောက်ပံ့ကြေးတစ်ရပ် ရရှိနိုင်မည့် အစီအစဉ်များ ဖော်ဆောင်သင့်သည်။

(ဂ)ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ် မြှင့်တင်ခြင်း (Advancing Digital Payments)

သဘာဝဘေးကျရောက်ချိန်တွင် ဘဏ်သို့ လူကိုယ်တိုင်သွားရန် မလိုဘဲ Mobile Wallet များမှတစ်ဆင့် ပင်စင်ထုတ်ယူနိုင်ခြင်းသည် ပင်စင်စားများအတွက် အသက်ရှူချောင်စေမည့် နည်းလမ်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပင်စင်စနစ်သည် ၎င်းကဲ့သို့သော မမျှော်လင့်သည့် ဘေးအန္တရာယ်များအတွက် ဘဏ္ဍာရေးဆိုင်ရာ ") "ခုခံအားFinancial Resilience) ကောင်းမွန်ရန် လိုအပ်ပါသည်။ ၎င်းလုပ်ခတ်မှုသည် ရှောင်လွှဲ၍မရသော်လည်း၊ ပင်စင်စနစ်ကို စနစ်တကျ ပြုပြင်ပြောင်းလဲခြင်းနှင့် သက်ကြီးရွယ်အိုများအတွက် အကာအကွယ်ပေးသည့် မူဝါဒများ ချမှတ်ခြင်းဖြင့် သဘာဝဘေးဒဏ်၏ ရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို လျှော့ချနိုင် မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် **ခိုင်မာသော ပင်စင်စနစ်** ဆိုသည်မှာ သာယာသော အချိန်များတွင် သာမက မြေငလျင်ကဲ့သို့သော သဘာဝဘေးများ ကျရောက်ချိန်များတွင်ပါ ပြည်သူတို့၏ ဘဝ အခက်အခဲများအတွက် ကျောထောက်နောက်ခံဖြစ်၍ အကာအကွယ် ပေးနိုင်ရမည်ဖြစ်သည်။ ၎င်းဘေးသည် ရှောင်လွှဲ၍ မရသော်လည်း၊ ကြိုတင်မျှော်တွေး၍ ခိုင်မာသော စီးပွားရေးနှင့် လူမှုဖူလုံရေး ယန္တရားများကို တည်ဆောက်ထားမည်ဆိုပါက မိဘပြည်သူပင်စင်စားများ၏ ဘဝနှောင်းပိုင်းကို လုံခြုံစိတ်ချစွာ ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

နန်းဥမ္မာသိန်း
လက်ထောက်ညွှန်ကြားရေးမှူး
စာရင်းအင်းဌာနစု

မိဘပြည်သူများအတွက် အပိုထောက်ပံ့ကြေးအကြောင်း သိကောင်းစရာ

နိုင်ငံ့တာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ဝန်ထမ်းများ၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရန်အတွက် နိုင်ငံတော်မှ ပုံမှန် ပင်စင်လစာများအပြင် **"အပိုထောက်ပံ့ကြေး"**များကို ထပ်ဆောင်းချီးမြှင့်ပေးလျက်ရှိပါသည်။ ယခုအခါ အငြိမ်းစားများအနေဖြင့် မိမိတို့ ရရှိခံစားနေရသော အပိုထောက်ပံ့ကြေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ သိရှိစေနိုင်ရန် အောက်ပါအတိုင်း အသိပေး နှိုးဆော်အပ်ပါသည်။

၁။ အပိုထောက်ပံ့ကြေး ထုတ်ပေးခဲ့မှု အခြေအနေ

နိုင်ငံတော်မှ အငြိမ်းစားများအား ပင်စင်လစာအပြင် အပိုထောက်ပံ့ကြေး (ကျပ် ၃၀,၀၀၀ စီဖြင့်) စုစုပေါင်း (၂)ကြိမ် ခံစားခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

- ပထမအကြိမ် - ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ
- ဒုတိယအကြိမ်- ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ
- စုစုပေါင်းခံစားခွင့် - ကျပ် ၆၀,၀၀၀ (ခြောက်သောင်းကျပ်တိတိ)

၂။ အပိုထောက်ပံ့ကြေး ခံစားခွင့်ဆိုင်ရာ စည်းကမ်းချက်များ

ပင်စင်အမျိုးအစား တစ်မျိုးထက်ပို၍ ခံစားနေသူများ သတိပြုရန်မှာ အပိုထောက်ပံ့ကြေးကို "ပင်စင်တစ်မျိုးတည်း"အပေါ်တွင်သာ ခံစားခွင့်ရှိခြင်း ဖြစ်ပါသည်။

အခြေအနေ	ခံစားခွင့်ရှိမည့် ပုံစံ
ကာကွယ်ရေးပင်စင် + မြို့ပြပင်စင် (နှစ်မျိုးတွဲ)	ကာကွယ်ရေးပင်စင်အပေါ်တွင်သာ ခံစားခွင့်ရှိသည်။
ကိုယ်တိုင်ပင်စင် + မိသားစုပင်စင် (နှစ်မျိုးတွဲ)	ကိုယ်တိုင်ပင်စင် အပေါ်တွင်သာ ခံစားခွင့်ရှိသည်။

မှတ်ချက်။ ပင်စင်အမျိုးအစားတစ်မျိုးထက်ပို၍ ထုတ်ယူနေသူများအနေဖြင့် အပိုထောက်ပံ့ကြေးကို နှစ်မျိုးလုံး ထုတ်ယူခြင်းမပြုရန် လိုအပ်ပါသည်။

၃။ လက်ရှိ တာဝန်ထမ်းဆောင်နေသူများအတွက် သတ်မှတ်ချက်

ပင်စင်ခံစားနေသော်လည်း နိုင်ငံတော်၏ လိုအပ်ချက်အရ လက်ရှိတွင် အောက်ပါအတိုင်း ပြန်လည် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ဝန်ထမ်းလစာအပေါ်တွင်သာ အပိုထောက်ပံ့ကြေးကို ခံစားရမည် ဖြစ်ပါသည်။

- နေ့စားဝန်ထမ်းများ
- ကျွမ်းကျင်ဝန်ထမ်းများ
- အကြံပေးပုဂ္ဂိုလ်များ

၄။ ပြည်ပသို့ သွားရောက်နေထိုင်သူများ သတိပြုရန်

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်နေထိုင်သည့် အငြိမ်းစားများ အနေဖြင့် အောက်ပါအတိုင်း လိုက်နာရမည်ဖြစ်ပါသည် -

- ယာယီ (သို့) အမြဲတမ်း နိုင်ငံခြားသို့ သွားရောက်နေထိုင်စဉ် ကာလအတွင်း အပိုထောက်ပံ့ကြေး ခံစားခွင့် မရှိပါ။
- မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမှသာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ထုတ်ယူနိုင်မည် ဖြစ်ပါသည်။

၅။ မိဘပြည်သူများသို့ ပန်ကြားချက်

မိမိတို့ ခံစားခွင့်ရှိသော ပင်စင်လစာနှင့် အပိုထောက်ပံ့ကြေးများကို စနစ်တကျ ထုတ်ယူနိုင်ရန်နှင့် စာရင်းဇယားများ မှန်ကန်စေရန်အတွက်-

(၁) မိမိနှင့်သက်ဆိုင်သည့် ပင်စင်အမျိုးအစားကို သေချာစွာ စစ်ဆေးပါ။

(၂) လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းသည် အခြားပင်စင်ခံစားပါက သတ်မှတ်ထားသော စည်းကမ်းချက်များ အတိုင်း (၂) ခါ ထုတ်ယူခြင်းမျိုး မဖြစ်စေရန် သတိပြုပါ။

(၃) သိရှိလိုသည်များရှိပါက သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲ (သို့) ပင်စင်ဦးစီးဌာနတို့တွင် မေးမြန်းနိုင်ပါသည်။

ပင်စင်ဦးစီးဌာန
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

(၂၀၁၄-၂၀၁၅ မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ထိ) ပင်စင်စားအင်အားနှင့် အသုံးစရိတ်

ဌာန	၂၀၁၄-၂၀၁၅	၂၀၁၅-၂၀၁၆	၂၀၁၆-၂၀၁၇	၂၀၁၇-၂၀၁၈	၂၀၁၈ mini	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂ (mini)	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅
ဦးစီးဌာန (ဦးရေ)	၃၀၅,၅၇၃	၃၃၆,၀၀၂	၃၆၅,၃၈၆	၃၉၀,၁၂၃	၄၀၂,၁၈၂	၄၂၅,၁၈၈	၄၅၁,၄၁၁	၄၇၂,၄၈၆	၄၅၇,၈၇၅	၄၇၄,၂၈၆	၄၄၇,၀၄၃	၄၆၁,၁၃၁
နိုင်ငံရေး (ဦးရေ)	၄၅,၀၈၉	၄၇,၉၄၅	၅၀,၂၁၅	၅၂,၁၉၇	၅၂,၈၂၄	၅၃,၀၁၆	၅၃,၈၆၇	၅၄,၆၁၅	၅၁,၁၁၄	၅၂,၃၉၃	၄၈,၈၇၇	၄၈,၆၅၉
ကာကွယ်ရေး (ဦးရေ)	၂၄၃,၈၇၆	၂၁၃,၃၆၂	၂၂၄,၆၅၉	၂၃၅,၇၂၂	၂၄၁,၉၅၆	၂၄၉,၄၉၉	၂၆၂,၅၂၆	၂၆၈,၅၂၃	၂၇၂,၇၇၅	၂၇၈,၁၃၆	၂၈၅,၉၇၆	၃၀၅,၁၉၈
လုပ်ငန်း (ဦးရေ)	၁၁၄,၀၂၂	၁၂၄,၉၇၄	၁၃၃,၄၃၀	၁၄၁,၄၆၇	၁၄၅,၆၉၅	၁၅၈,၃၃၀	၁၆၅,၉၃၅	၁၇၁,၁၃၆	၁၆၂,၈၇၆	၁၆၈,၇၁၅	၁၆၈,၀၃၅	၁၆၀,၇၀၂
စုစုပေါင်း (ဦးရေ)	၇၀၈,၅၆၀	၇၂၂,၂၈၃	၇၇၃,၆၉၀	၈၁၉,၅၀၉	၈၄၂,၆၅၇	၈၈၆,၀၃၃	၉၃၃,၇၃၉	၉၆၆,၇၈၀	၉၄၄,၆၄၀	၉၇၃,၅၃၀	၉၄၉,၉၃၁	၉၇၅,၆၉၀
အသုံးစရိတ် (ကျပ်သန်း)	၄၂၈,၆၉၈.၇၈	၆၃၃,၅၀၁.၆၅	၆၈၃,၈၂၆.၃၃	၇၀၉,၀၆၆.၈၃	၄၀၆,၁၈၇.၄၇	၁,၁၁၆,၀၈၄.၂၆	၁,၂၆၈,၀၇၃.၆၃	၁,၂၅၅,၉၉၉.၈၆	၆၁၂,၈၅၇.၅၆	၁,၂၃၇,၇၆၄.၄၆	၁,၂၀၁,၈၄၂.၃၀၇	၁,၄၃၈,၆၇၁.၉၉၅

ဇာစ်မြစ်။ ပင်စင်ဦးစီးဌာန

မှတ်ချက်။(၁) ၂၀၁၄-၂၀၁၅မှ ၂၀၂၄-၂၀၂၅၊ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ပင်စင်စားအင်အားနှင့်အသုံးစရိတ်များကို ဖော်ပြထားခြင်းဖြစ်ပါသည်။

(၂) ပင်စင်အသုံးစရိတ်တွင်၂၀၁၈ (ဧပြီလမှစက်တင်ဘာလထိ) နှင့်၂၀၂၁ အောက်တိုဘာလ မှ ၂၀၂၂မတ်လအထိသည် (၆) လ ကာလများအတွက်သာ ဖြစ်သောကြောင့် အသုံးစရိတ်မှာ ထက်ဝက်လျော့ကျနေခြင်း ဖြစ်ပါသည်။





ပင်စင်စားအင်အားနှင့် အသုံးစရိတ်
(၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ)

(ကျပ်သန်းပေါင်း)

စဉ်	အဖွဲ့အစည်း	စုစုပေါင်း အင်အား	ပင်စင်လစာ အသုံးစရိတ်	ဆုငွေ အသုံးစရိတ်	အပိုထောက်ပံ့ကြေး အသုံးစရိတ်	စုစုပေါင်း အသုံးစရိတ်
၁	ဦးစီးဌာန	**၄၂၅,၇၉၆**	၃၀၈,၄၈၉.၂၄၃	၃၉,၂၂၆.၀၈၈	၉၄,၈၄၄.၅၁၂	၄၄၂,၅၅၉.၈၄၃
၂	နိုင်ငံရေး	**၄၈,၅၀၃**	၁၉,၄၀၉.၁၇၅	၁၇၄.၇၅၀	၀.၀၀၀	၁၉,၅၈၃.၉၂၅
၃	ကာကွယ်ရေး	**၃၂၇,၈၀၁**	၃၅၀,၇၄၀.၈၉၇	၁၄၇,၇၇၅.၄၄၇	၆၈,၁၀၀.၁၈၉	၅၆၆,၆၁၆.၅၃၃
၄	ရဲတပ်ဖွဲ့	**၄၂,၇၅၅**	၂၄,၄၆၃.၉၉၄	၇,၄၂၀.၀၃၀	၈,၂၅၉.၀၄၄	၄၀,၁၄၃.၀၆၈
	စုစုပေါင်း	**၈၄၄,၈၅၅**	**၇၀၃,၁၀၃.၃၀၈**	**၁၉၄,၅၉၆.၃၁၅**	**၁၇၁,၂၀၃.၇၄၅**	**၁,၀၆၈,၉၀၃.၃၆၉**

ဇာစ် မြစ်။ ပင်စင်ဦးစီးဌာန

မှတ်ချက်။ ပင်စင်စားအင်အားသည် ၂၀၂၅ ဒီဇင်ဘာလအထိ စုစုပေါင်းအင်အားများဖြစ်ပြီး ၊ အသုံးစရိတ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှဒီဇင်ဘာလအတွင်း အသုံးစရိတ်များ ဖြစ်ပါသည်။

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တို့၏ ပင်စင်လစာငွေများနှင့် ဆုငွေများကို ပြည်ထဲရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၄) နှင့်အညီ စိစစ်တွက်ချက်ကာ (၄/၂၀၂၅)လ မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် သီးခြား စာရင်းပြုစုလျက်ရှိပါသည်။ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ပင်စင်ဦးစီးဌာန ၊ ပင်စင်လစာငွေများနှင့် ဆုငွေများစာရင်း (ဦးစီးဌာန + နိုင်ငံရေး + ကာကွယ်ရေး + မြန်မာနိုင်ငံရဲတပ်ဖွဲ့) အတွက် **ကျပ်သန်းပေါင်း (၁,၅၀၉,၀၀၀.၀၆၀)** ကို လျာထားခဲ့ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (ဧပြီလ မှ ဒီဇင်ဘာလ) အတွင်း ပင်စင်လစာငွေများနှင့် ဆုငွေများအသုံးစရိတ်မှာ ဦးစီးဌာနအတွက် **ကျပ်သန်းပေါင်း (၄၄၂,၅၅၉.၈၄၃)** ၊ နိုင်ငံရေးအတွက် **ကျပ်သန်းပေါင်း (၁၉,၅၈၃.၉၂၅)** ၊ ကာကွယ်ရေးအတွက် **ကျပ်သန်းပေါင်း (၅၆၆,၆၁၆.၅၃၃)** ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် **ကျပ်သန်းပေါင်း (၄၀,၁၄၃.၀၆၈)** ဖြစ်ပြီး စုစုပေါင်းမှာ **ကျပ်သန်းပေါင်း (၁,၀၆၈,၉၀၃.၃၆၉)** ဖြစ်ပါသည်။



တိုင်းဒေသကြီး / ပြည်နယ်များအလိုက် စုစုပေါင်းပင်စင်စားအင်အားနှင့် အသုံးစရိတ်

(၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှဒီဇင်ဘာလအထိ)

တိုင်းဒေသကြီး/ ပြည်နယ်	ပင်စင်စားအင်အားနှင့်ပင်စင်အသုံးစရိတ်(ဦးစီးဌာန)					
	ကျား		မ		စုစုပေါင်း	
	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)
ကချင်	၃,၀၇၂	၃,၄၅၆.၉၄၉	၄,၆၀၈	၅,၁၈၅.၄၂၅	၇,၆၈၀	၈,၆၄၂.၃၇၄
ကယား	၁,၀၅၀	၇၅၃.၇၈၉	၁,၅၇၅	၁,၁၃၀.၆၈၄	၂,၆၂၅	၁,၈၈၄.၄၇၃
ကရင်	၂,၁၈၈	၂,၂၈၅.၆၃၈	၃,၂၈၁	၃,၄၂၈.၄၅၇	၅,၄၆၉	၅,၇၁၄.၀၉၅
ချင်း	၁,၇၄၃	၁,၁၁၆.၄၁၆	၂,၆၁၅	၁,၆၇၄.၆၂၄	၄,၃၅၈	၂,၇၉၁.၀၄၀
စစ်ကိုင်း	၁၂,၉၁၅	၁၂,၄၅၉.၂၄၇	၁၉,၃၇၂	၁၈,၆၈၈.၈၇၀	၃၂,၂၈၇	၃၁,၁၄၈.၁၁၇
တနင်္သာရီ	၁,၉၇၇	၂,၂၆၀.၁၀၂	၂,၉၆၆	၃,၃၉၀.၁၅၄	၄,၉၄၃	၅,၆၅၀.၂၅၆
ပဲခူး	၈,၈၁၁	၉,၁၁၈.၉၀၁	၁၃,၂၁၇	၁၃,၆၇၈.၃၅၁	၂၂,၀၂၈	၂၂,၇၉၇.၂၅၂
ပဲခူး(နောက်)	၉,၃၉၄	၉,၁၅၉.၉၈၁	၁၄,၀၉၂	၁၃,၇၃၉.၉၇၁	၂၃,၄၈၆	၂၂,၈၉၉.၉၅၂
မကွေး	၁၁,၈၆၀	၁၃,၄၀၆.၁၅၄	၁၇,၇၉၁	၂၀,၁၀၉.၂၃၁	၂၉,၆၅၁	၃၃,၅၁၅.၃၈၅
မန္တလေး	၂၀,၅၄၀	၂၄,၁၉၄.၁၈၈	၃၀,၈၁၁	၃၆,၂၉၁.၂၈၂	၅၁,၃၅၁	၆၀,၄၈၅.၄၇၀
မွန်	၆,၁၅၉	၆,၇၂၃.၂၃၅	၉,၂၃၈	၁၀,၀၈၄.၈၅၃	၁၅,၃၉၇	၁၆,၈၀၈.၀၈၈
ရခိုင်	၅,၉၇၂	၁,၈၁၂.၄၅၅	၈,၉၅၇	၂,၇၁၈.၆၈၂	၁၄,၉၂၉	၄,၅၃၁.၁၃၇
ရန်ကုန်	၅၅,၇၉၉	၅၇,၉၃၀.၁၀၉	၈၃,၆၉၈	၈၆,၈၉၅.၁၆၃	၁၃၉,၄၉၇	၁၄၄,၈၂၅.၂၇၂
ရှမ်း(ရှေ့)	၆၃၆.၄	၇၄၈.၄၀၃	၉၅၅	၁,၁၂၃.၇၈၁	၁,၅၉၁	၁,၈၇၂.၁၈၄
ရှမ်း(တောင်)	၄,၅၄၉	၅,၇၀၂.၃၇၆	၆,၈၂၄	၈,၅၅၄.၁၉၀	၁၁,၃၇၃	၁၄,၂၅၆.၅၆၆
ရှမ်း(မြောက်)	၂,၂၈၅	၂,၅၅၆.၄၀၁	၃,၄၂၇	၃,၈၃၄.၆၀၁	၅,၇၁၂	၆,၃၉၁.၀၀၂
ဧရာဝတီ	၁၆,၈၀၄	၁၇,၀၁၁.၈၁၄	၂၅,၂၀၆	၂၅,၅၁၇.၇၂၁	၄၂,၀၁၀	၄၂,၅၂၉.၅၃၅
နေပြည်တော်	၄,၅၆၄	၆,၃၂၇.၀၅၈	၆,၈၄၅	၉,၄၉၀.၅၈၇	၁၁,၄၀၉	၁၅,၈၁၇.၆၄၅
စုစုပေါင်း	၁၇၀,၃၁၈	၁၇၇,၀၂၃.၂၁၅	၂၅၅,၄၇၈	၂၆၅,၅၃၆.၆၂၈	၄၂၅၇၉၆	၄၄၂၅၅၉.၈၄၃

ဇာစ် မြစ်။ ပင်စင်ဦးစီးဌာန

မှတ်ချက်။ ပင်စင်စားအင်အားသည် ၂၀၂၅ ဒီဇင်ဘာလအထိ စုစုပေါင်းအင်အားများဖြစ်ပြီး ၊အသုံးစရိတ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှဒီဇင်ဘာလ အတွင်း အသုံးစရိတ်များ ဖြစ်ပါသည်။

တိုင်းဒေသကြီး / ပြည်နယ်များအလိုက် စုစုပေါင်းပင်စင်စားအင်အားနှင့်အသုံးစရိတ်

(၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှဒီဇင်ဘာလအထိ)

တိုင်းဒေသကြီး/ ပြည်နယ်	ပင်စင်စားအင်အားနှင့်ပင်စင်အသုံးစရိတ်(နိုင်ငံရေး)					
	ကျား		မ		စုစုပေါင်း	
	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)
ကချင်	၆၇၂	၃၀၆.၁၄၆	၁,၀၀၇	၄၅၉.၂၁၉	၁,၆၇၉	၇၆၅.၃၆၅
ကယား	၁၄၆	၆၀.၉၈၄	၂၁၈	၉၁.၄၇၅	၃၆၄	၁၅၂.၄၅၉
ကရင်	၂၇၄	၁၃၄.၂၈၂	၄၁၁	၂၀၁.၄၂၂	၆၈၅	၃၃၅.၇၀၄
ချင်း	၄၄၂	၁၂၀.၀၆၃	၆၆၃	၁၈၀.၀၉၅	၁,၁၀၅	၃၀၀.၁၅၈
စစ်ကိုင်း	၃,၀၄၅	၈၅၂.၂၀၈	၄,၅၆၇	၁,၂၇၈.၃၁၂	၇,၆၁၂	၂,၁၃၀.၅၂၀
တနင်္သာရီ	၂၇၉	၁၃၁.၇၁၉	၄၁၉	၁၉၇.၅၇၉	၆၉၈	၃၂၉.၂၉၈
ပဲခူး	၉၉၄	၄၇၅.၁၁၁	၁,၄၉၀	၇၁၂.၆၆၇	၂,၄၈၄	၁,၁၈၇.၇၇၈
ပဲခူး(နောက်)	၁,၁၁၀	၄၁၆.၉၅၆	၁,၆၆၅	၆၂၅.၄၃၄	၂,၇၇၅	၁,၀၄၂.၃၉၀
မကွေး	၁,၇၈၄	၇၉၂.၄၆၅	၂,၆၇၅	၁,၁၈၈.၆၉၇	၄,၄၅၉	၁,၉၈၁.၁၆၂
မန္တလေး	၂,၂၁၂	၁,၀၉၂.၄၃၇	၃,၃၁၇	၁,၆၃၈.၆၅၅	၅,၅၂၉	၂,၇၃၁.၀၉၂
မွန်	၅၀၉	၂၃၃.၉၉၇	၇၆၄	၃၅၀.၉၉၆	၁,၂၇၃	၅၈၄.၉၉၃
ရခိုင်	၁,၄၇၈	၈၃.၉၄၃	၂,၂၁၆	၁၂၅.၉၁၅	၃,၆၉၄	၂၀၉.၈၅၈
ရန်ကုန်	၂,၂၆၃	၁,၂၄၉.၇၀၆	၃,၃၉၅	၁,၈၇၄.၅၅၈	၅,၆၅၈	၃,၁၂၄.၂၆၄
ရှမ်း(ရှေ့)	၁၁၈	၈၈.၀၈၁	၁၇၆	၁၃၁.၃၇၅	၂၉၄	၇၅၉.၃၆၁
ရှမ်း(တောင်)	၅၃၈	၃၀၃.၉၇၀	၈၀၆	၄၅၅.၃၉၁	၁,၃၄၄	၂၁၉.၄၅၆
ရှမ်း(မြောက်)	၄၄၈	၁၆၈.၅၇၅	၆၇၃	၂၅၂.၈၆၂	၁,၁၂၁	၄၂၁.၄၃၇
ဧရာဝတီ	၂,၆၄၀	၉၇၃.၆၇၂	၃,၉၅၉	၁,၄၆၀.၅၀၈	၆,၅၉၉	၂,၄၃၄.၁၈၀
နေပြည်တော်	၄၅၂	၃၄၉.၇၈၀	၆၇၈	၅၂၄.၆၇၀	၁,၁၃၀	၈၇၄.၄၅၀
စုစုပေါင်း	၁၉,၄၀၂	၇,၈၃၄.၀၉၄	၂၉၁၀၁	၁၁,၇၄၉.၈၃၀	၄၈,၅၀၃	၁၉၅၈၃.၉၂၄

ဇာစ်မြစ်။ ပင်စင်ဦးစီးဌာန

မှတ်ချက်။ ပင်စင်စားအင်အားသည် ၂၀၂၅ ဒီဇင်ဘာလအထိ စုစုပေါင်းအင်အားများဖြစ်ပြီး ၊အသုံးစရိတ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှဒီဇင်ဘာလ အတွင်း အသုံးစရိတ်များ ဖြစ်ပါသည်။

တိုင်းဒေသကြီး / ပြည်နယ်များအလိုက် စုစုပေါင်းပင်စင်စားအင်အားနှင့်အသုံးစရိတ်

(၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှဒီဇင်ဘာလအထိ)

တိုင်းဒေသကြီး/ ပြည်နယ်	ပင်စင်စားအင်အားနှင့်ပင်စင်အသုံးစရိတ်(ကာကွယ်ရေး)					
	ကျား		မ		စုစုပေါင်း	
	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)
ကချင်	၄,၄၅၆	၄,၄၁၅.၁၁၂	၅,၀၂၃	၄,၉၇၆.၉၀၉	၉,၄၇၉	၉,၃၉၂.၀၂၁
ကယား	၁,၀၂၀	၇၄၀.၇၆၅	၉၇၅	၇၀၈.၀၈၄	၁,၉၉၅	၁,၄၄၈.၈၄၉
ကရင်	၃,၅၄၈	၃,၄၈၄.၈၀၃	၃,၇၃၇	၃,၆၇၀.၄၃၇	၇,၂၈၅	၇,၁၅၅.၂၄၀
ချင်း	၁,၁၃၀	၃၆၃.၆၉၆	၁,၀၆၉	၃၄၄.၀၆၃	၂,၁၉၉	၇၀၇.၇၅၉
စစ်ကိုင်း	၇,၉၁၃	၆,၈၄၀.၆၅၀	၇,၆၀၅	၆,၅၇၄.၃၈၉	၁၅,၅၁၈	၁၃,၄၁၅.၀၃၉
တနင်္သာရီ	၂,၁၅၉	၂,၃၂၂.၂၆၈	၂,၃၁၀	၂,၄၈၄.၆၈၇	၄,၄၆၉	၄,၈၀၆.၉၅၅
ပဲခူး	၁၁,၈၇၅	၁၁,၇၄၄.၂၈၁	၁၀,၂၀၃	၁၀,၀၉၀.၆၈၆	၂၂,၀၇၈	၂၁,၈၃၄.၉၆၇
ပဲခူး(နောက်)	၈,၃၁၃	၉,၁၁၈.၂၆၉	၇,၀၉၈	၇,၇၈၅.၅၇၃	၁၅,၄၁၁	၁၆,၉၀၃.၈၄၂
မကွေး	၁၀,၃၀၈	၁၀,၁၉၈.၉၅၇	၁၀,၈၂၂	၁၀,၇၀၇.၅၂၀	၂၁,၁၃၀	၂၀,၉၀၆.၄၇၇
မန္တလေး	၂၀,၁၂၂	၂၃,၆၉၇.၇၇၅	၁၈,၈၄၅	၂၂,၁၉၃.၈၄၆	၃၈,၉၆၇	၄၅,၈၉၁.၆၂၁
မွန်	၆,၄၂၁	၅,၉၀၂.၀၈၀	၆,၃၄၉	၅,၈၃၅.၈၉၈	၁၂,၇၇၀	၁၁,၇၃၇.၉၇၈
ရခိုင်	၅,၂၆၈	၁,၂၇၇.၂၇၂	၄,၆၂၂	၁,၁၂၀.၆၄၄	၉,၈၉၀	၂,၃၉၇.၉၁၆
ရန်ကုန်	၅၅,၁၂၄	၆၅,၁၅၄.၉၆၉	၄၃,၇၃၄	၅၁,၆၉၂.၃၂၀	၉၈,၈၅၈	၁၁၆,၈၄၇.၂၈၉
ရှမ်း(ရှေ့)	၂၇၁၃	၂,၆၅၆.၈၈၁	၂,၅၈၈	၂,၅၃၄.၄၆၆	၅,၃၀၁	၅,၁၉၁.၃၄၇
ရှမ်း(တောင်)	၇,၀၉၉	၈,၀၉၇.၄၅၅	၇,၉၇၉	၉,၁၀၁.၂၂၄	၁၅,၀၇၈	၁၇,၁၉၈.၆၇၉
ရှမ်း(မြောက်)	၄,၅၈၆	၅,၀၆၆.၈၉၂	၅,၀၂၆	၅,၅၅၃.၀၃၂	၉,၆၁၂	၁၀,၆၁၉.၉၂၄
ဧရာဝတီ	၁၁,၆၅၈	၁၀,၂၄၆.၂၇၈	၁၀,၆၅၉	၉,၃၆၈.၂၅၂	၂၂,၃၁၇	၁၉,၆၁၄.၅၃၀
နေပြည်တော်	၉,၈၇၃	၁၅,၇၇၁.၂၇၀	၅,၅၇၁	၈,၈၉၉.၁၉၄	၁၅,၄၄၄	၂၄,၆၇၀.၄၆၄
စုစုပေါင်း	၁၇၃,၅၈၆	၁၈၇,၀၉၉.၆၇၃	၁၅၄၂၁၅	၁၆၃,၆၄၁.၂၂၄	၃၂၇၈၀၁	၃၅၀၇၄၀.၈၉၇

ဇာစ်မြစ်။ ပင်စင်ဦးစီးဌာန

မှတ်ချက်။ ပင်စင်စားအင်အားသည် ၂၀၂၅ ဒီဇင်ဘာလအထိ စုစုပေါင်းအင်အားများဖြစ်ပြီး ၊အသုံးစရိတ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှဒီဇင်ဘာလ အတွင်း အသုံးစရိတ်များ ဖြစ်ပါသည်။

တိုင်းဒေသကြီး / ပြည်နယ်များအလိုက် စုစုပေါင်းပင်စင်စားအင်အားနှင့်အသုံးစရိတ်

(၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှဒီဇင်ဘာလအထိ)

တိုင်းဒေသကြီး/ ပြည်နယ်	ပင်စင်စားအင်အားနှင့်ပင်စင်အသုံးစရိတ်(ရဲတပ်ဖွဲ့)					
	ကျား		မ		စုစုပေါင်း	
	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)
ကချင်	၄၉၂	၂၇၁.၅၃၀	၅၈၇	၃၄၁.၆၀၁	၁,၀၇၉	၆၁၃.၁၃၁
ကယား	၁၂၄	၅၃.၆၈၀	၁၅၆	၆၇.၁၆၄	၂၈၀	၁၂၀.၈၄၄
ကရင်	၄၁၄	၃၈၃.၉၈၈	၅၁၈	၄၈၁.၇၀၅	၉၃၂	၈၆၅.၆၉၃
ချင်း	၂၇၉	၉၈.၇၄၈	၃၅၀	၁၂၀.၇၄၂	၆၂၉	၂၁၉.၄၉၀
စစ်ကိုင်း	၁,၃၀၂	၁,၀၈၁.၅၅၄	၁,၅၉၂	၁,၄၁၆.၆၂၃	၂,၈၉၄	၂,၄၉၈.၁၇၇
တနင်္သာရီ	၂၅၅	၃၁၂.၀၂၀	၃၃၄	၃၇၂.၅၂၁	၅၈၉	၆၈၄.၅၄၁
ပဲခူး	၁,၀၁၆	၁,၀၀၉.၈၄၅	၁,၂၁၃	၁,၃၅၄.၉၉၅	၂,၂၂၉	၂,၃၆၄.၈၄၀
ပဲခူး(နောက်)	၉၈၆	၉၁၁.၇၁၇	၁,၃၂၃	၁,၂၁၇.၂၅၃	၂,၃၀၉	၂,၁၂၈.၉၇၀
မကွေး	၁,၄၉၂	၁,၅၅၀.၉၅၂	၁,၉၉၂	၁,၉၄၉.၁၀၈	၃,၄၈၄	၃,၅၀၀.၀၆၀
မန္တလေး	၂,၃၄၅	၂,၂၅၄.၈၁၄	၂,၉၄၇	၃,၁၄၄.၃၆၃	၅,၂၉၂	၅,၃၉၉.၁၇၇
မွန်	၅၈၃	၅၆၂.၂၅၉	၈၁၃	၇၁၄.၃၇၀	၁,၃၉၆	၁,၂၇၆.၆၂၉
ရခိုင်	၁,၁၂၀	၁၇၆.၈၇၅	၁,၄၂၃	၂၂၈.၁၀၀	၂,၅၄၃	၄၀၄.၉၇၅
ရန်ကုန်	၅,၀၂၄	၅,၁၈၃.၈၁၇	၆,၄၇၉	၆,၆၄၅.၉၁၉	၁၁,၅၀၃	၁၁,၈၂၉.၇၃၆
ရှမ်း(ရှေ့)	၁၅၆	၆၂၆.၂၇၄	၂၀၀	၉၆၉.၅၀၈	၃၅၆	၁,၅၉၅.၇၈၂
ရှမ်း(တောင်)	၄၈၉	၂၀၂.၆၄၃	၇၅၇	၂၃၈.၈၈၈	၁,၂၄၆	၄၄၁.၅၃၁
ရှမ်း(မြောက်)	၄၉၂	၂၆၅.၆၂၄	၅၈၀	၃၆၁.၀၉၁	၁,၀၇၂	၆၂၆.၇၁၅
ဧရာဝတီ	၁,၅၄၇	၁,၇၀၇.၂၅၄	၂,၁၀၃	၂,၀၇၆.၀၆၉	၃,၆၅၀	၃,၇၈၃.၃၂၃
နေပြည်တော်	၅၇၄	၈၁၅.၉၅၁	၆၉၈	၉၇၃.၅၀၃	၁,၂၇၂	၁,၇၈၉.၄၅၄
စုစုပေါင်း	၁၈,၆၉၀	၁၇,၄၆၉.၅၄၅	၂၄၀၆၅	၂၂,၆၇၃.၅၂၃	၄၂၇၅၅	၄၀၁၄၃.၀၆၈

ဇာစ်မြစ်။ ပင်စင်ဦးစီးဌာန

မှတ်ချက်။ ပင်စင်စားအင်အားသည် ၂၀၂၅ ဒီဇင်ဘာလအထိ စုစုပေါင်းအင်အားများဖြစ်ပြီး ၊အသုံးစရိတ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှဒီဇင်ဘာလ အတွင်း အသုံးစရိတ်များ ဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းပင်စင်စားအင်အားနှင့် အသုံးစရိတ် (၂၀၂၅ -၂၀၂၆ ခုနှစ် ဧပြီလ မှ ဒီဇင်ဘာလ အထိ)





တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းပင်စင်စားအင်အားနှင့် အသုံးစရိတ်
(၂၀၂၅ -၂၀၂၆ ခုနှစ် ဧပြီလ မှ ဒီဇင်ဘာလ အထိ)





ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရုံးအမှတ်(၃၄) အဆောက်အဦအား ၁၃-၁၂-၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးမှ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေများအား လာရောက်ကြည့်ရှုစစ်ဆေးခြင်း

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရုံးအမှတ်(၃၄) အဆောက်အဦ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများအား ၁၃-၁၂-၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပင်စင်ဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာနနှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှု စစ်ဆေးခဲ့ကြပါသည်။

ရုံးအမှတ်(၃၄)အဆောက်အဦ စင်ဝင်အောက်တွင် ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများဆောင် ရွက်နေသည့် အခြေအနေများ အား ကြည့်ရှုနေစဉ်

ရုံးအမှတ်(၃၄) အဆောက်အဦ ရှေ့မျက်နှာစာ ပြန်လည် ပြုပြင် ခြင်းလုပ်ငန်းများ ဆောင်ရွက်နေ သည့် အခြေအနေများအား ကြည့်ရှုနေစဉ်

ရုံးအမှတ်(၃၄) အဆောက်အဦ ရှေ့မျက်နှာစာတွင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများအား ကြည့်ရှုနေစဉ်

ရုံးအမှတ်(၃၄) အဆောက်အဦ ရှေ့အဝင်တွင် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက် နေသည့် အခြေအနေများအား ကြည့်ရှုနေစဉ်

ရုံးအမှတ်(၃၄) အဆောက်အဦ အပေါ်ထပ်အစည်းအဝေးခန်းရှေ့တွင် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေများအား ကြည့်ရှုနေစဉ်

ရုံးအမှတ်(၃၄) အဆောက်အဦ ရှေ့မျက်နှာစာတွင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများအား ကြည့်ရှုနေစဉ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနရှိ ဝန်ထမ်းများ၏ သား/သမီး၊ ကျောင်းသား/သူများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနရှိ ဝန်ထမ်းများ၏ သား/သမီး၊ ကျောင်းသား/သူများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားအား ၁၈-၆-၂၀၂၅ ရက်နေ့ နံနက် (၁၁း၀၀) နာရီအချိန်တွင် ပင်စင်ဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ်စီမံခန့်ခွဲရေးဌာနခွဲ ရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲညွန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ထွန်း၊ ရုံးချုပ်ရှိ သက်ဆိုင်ရာဌာနခွဲတာဝန်ခံများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ရုံးချုပ်နှင့် ပြည်ထောင်စုနယ်မြေမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားစဉ်

ညွှန်ကြားရေးမှူးချုပ်မှ အထက်တန်း ကျောင်းသား/သူများကိုယ်စား ကျောင်းသားမိဘ (၁)ဦး အား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်စဉ်

ညွှန်ကြားရေးမှူးချုပ်မှ အလယ်တန်းကျောင်းသား/သူများကိုယ်စား ကျောင်းသားမိဘ (၁) ဦးအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်စဉ်

ဒုတိယညွှန်ကြားရေးမှူးချုပ်မှ မူလတန်းကျောင်းသား/သူများကိုယ်စား ကျောင်းသားမိဘ (၁) ဦးအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်စဉ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၏ Modular Houseတွင် ဝါတွင်းကာလ သံဃာတော် များအား ဝါဆိုသင်္ကန်း၊ ဆွမ်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှဆောက်လုပ်ပြီးစီးသည့် Modular House များတွင် နေထိုင်သော ဝန်ထမ်းများ အန္တရာယ်ကင်းစေရေးအတွက် ၉-၇-၂၀၂၅ ရက်၊ ဝါဆိုလပြည့် (ဓမ္မစကြာ) နေ့တွင် သံဃာတော် (၅) ပါးအား ပင့်ဖိတ်၍ ဝါဆိုသင်္ကန်း၊ ဆွမ်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည့်အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူး များနှင့် Modular House တွင် နေထိုင်သူဝန်ထမ်းများ တက်ရောက်၍ တရားတော်နာယူခဲ့ကြပါသည်။

သံဃာတော်များမှ တရားဟောကြားစဉ်

တရားနာယူစဉ်

သံဃာတော်များအား
သ က် န်း ပ ရိ က္ခ ရာ
ဆက်ကပ်လှူဒါန်းစဉ်

သံ ဃာ တော် များ အား
ဆွမ်းဆက်ကပ်လှူဒါန်းစဥ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန (ရုံးချုပ်) နှင့် Modular House တွင်နေထိုင်သော ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကျင်းပခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန (ရုံးချုပ်) နှင့် Modular House တွင် နေထိုင်သော ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားအား ၂၄-၇-၂၀၂၅ ရက်နေ့၊ (၁၆း၃၀) နာရီအချိန်၌ ပင်စင်ဦးစီးဌာန၊ ရုံးအမှတ် (၃၄) သရက်ခြံဝန်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် (ပင်စင်ဦးစီးဌာန) ၊ ညွှန်ကြားရေးမှူးချုပ်(ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်ရုံး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပင်စင်ဦးစီးဌာန) နှင့် ရုံးချုပ်ရှိ သက်ဆိုင်ရာဌာနခွဲတာဝန်ခံများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားစဉ်

ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်

ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်မှ
ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်

ပင်စင်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်မှ
ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်

ပင်စင်ဦးစီးဌာန (ရုံးချုပ်) နှင့် Modular House တွင်နေထိုင်သော ဝန်ထမ်းများမှ
ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၊ ရုံးအမှတ် (၃၄) တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပင်စင်အကျိုးခံစားခွင့် တွက်ချက်ခြင်း၊ ခွင့်ပြုခြင်းများ လေ့လာသင်ယူမည့် သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန ရုံးအမှတ် (၃၄) တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ပင်စင်အကျိုးခံစားခွင့် တွက်ချက်ခြင်း၊ ခွင့်ပြုခြင်းများ လေ့လာသင်ယူမည့် သင်တန်းဖွင့်ပွဲအခမ်းအနားအား ၁-၉-၂၀၂၅ ရက်နေ့တွင် ပင်စင်ဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ် စီမံခန့်ခွဲရေးဌာနခွဲရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုံးချုပ်ရှိ သက်ဆိုင်ရာဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ သင်ကြားပို့ချပေးမည့် သက်ဆိုင်ရာအရာထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားစဉ်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန(ရုံးချုပ်) နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများ၏ (၇/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန (ရုံးချုပ်) နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၏ (၇/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အား ၁၁-၁၁-၂၀၂၅ ရက်နေ့ ၁၄း၀၀ နာရီအချိန်တွင် ပင်စင်ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေး သို့ ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်၊ ရုံးချုပ်ရှိ သက်ဆိုင်ရာ ဌာနခွဲတာဝန်ခံညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုနယ်မြေရုံးခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှ Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကား ပြောကြားစဉ်

ပင်စင်ဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများမှ Video Conferencing စနစ်ဖြင့် တက်ရောက်စဉ်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန(ရုံးချုပ်) နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများ၏ (၂/၂၀၂၅) ကြိမ်မြောက် ဝန်ထမ်းများဆန္ဒဖော်ထုတ်ပွဲအခမ်းအနား ကျင်းပခြင်း

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန (ရုံးချုပ်) နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၏ (၂/၂၀၂၅) ကြိမ်မြောက် ဝန်ထမ်းများဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားအား ၁၂-၁၂-၂၀၂၅ ရက်နေ့၊ ၁၄:၀၀ နာရီအချိန်တွင် ပင်စင်ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်၊ ရုံးချုပ်ရှိ သက်ဆိုင်ရာ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုနယ်မြေ ရုံးခွဲမှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများနှင့် ရုံးချုပ်ရှိ အမှုထမ်းများမှ Video Conferencing စနစ် ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကား ပြောကြားစဉ်

ပင်စင်ဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများမှ Video Conferencing စနစ်ဖြင့် တက်ရောက်စဉ်

ပင်စင်ဦးစီးဌာန(ရုံးချုပ်)

ပင်စင်လုပ်ငန်းဌာနခွဲ

အငြိမ်းစားများဆိုင်ရာကိစ္စရပ်များအား အသိပေးဆောင်ရွက်မှုအခြေအနေများ

ပင်စင်လုပ်ငန်းဌာနခွဲအနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ အောက်ဖော်ပြပါ ပင်စင်စား (၆၅၆၀)ဦး၏ ပင်စင်အမှုတွဲများကိုငွေပေးမိန့်များ အပြီးထုတ်ပြန်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

လအမည်	အာဏာပိုင်အဖွဲ့အစည်းများ၏ တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေး ပင်စင်ချီးမြှင့်ငွေ	လစဉ် နိုင်ငံရေး ပင်စင်	မြို့ပြ (ဦးစီး)	မြို့ပြ (ဦးစီး) ရခိုင်	လုပ်ငန်း (အဖွဲ့အစည်း)	နှစ်လွန် လစာကျန် မှုရင်းခွဲ	လစာကျန် (ရခိုင်)	(ချင်း) နှစ်လွန်	စုစုပေါင်း
ဧပြီလ	-	-	-	-	-	-	-	-	
မေလ	-	၂၁	၄၆၂	၂၃	၁၉၄	၃၃	၂	၂	၇၃၇
ဇွန်လ	-	၂၄	၅၂၅	၅၇	၃၅၂	၃၇	၁	၁	၉၉၇
ဇူလိုင်လ	၁	၃၇	၄၁၁	၁	၁၈၄	၁၈	-	-	၆၅၂
ဩဂုတ်	-	၄၃	၇၆၀	-	၂၃၆	၃၉	-	၁	၁၀၇၉
စက်တင်ဘာ	၅	၄၅	၇၇၉	-	၂၁၉	၂၆	-	-	၁၀၇၄
အောက်တိုဘာ	၃	၂၅	၃၈၀	-	၁၇၆	၂၆	-	၁	၆၁၁
နိုဝင်ဘာ	၂	၂၇	၄၇၈	-	၁၃၁	၃၈	-	၂	၆၇၈
ဒီဇင်ဘာ	၁	၂၂	၄၀၉	-	၂၅၁	၄၅	-	၄	၇၃၂
စုစုပေါင်း	၁၂	၂၄၄	၄၂၀၄	၈၁	၁၇၄၃	၂၆၂	၃	၁၁	၆၅၆၀

ပင်စင်ဦးစီးဌာန(ရုံးချုပ်) ၊ ပင်စင်လုပ်ငန်းဌာနခွဲ ၊ နိုင်ငံရေးပင်စင်ငွေပေးဌာနစိတ်အနေဖြင့် နိုင်ငံရေး လစဉ် ပင်စင်များ ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၏ တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေများ၊ မြို့ပြ(ဦးစီး)ဌာနများ၏ငွေပေးမိန့်များနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ အငြိမ်းစားယူကြမည့် အငြိမ်းစားကြီးများ၏

ပင်စင်လစာများ၊ အငြိမ်းစားဆုငွေများ ၊ နိုင်ငံရေးနှင့်သက်ဆိုင်သော နှစ်လွန်ပင်စင်၊ မူရင်းခွဲ၊ လစာကျန်ပင်စင်၊ အထွေထွေကိစ္စရပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပင်စင်ဦးစီးဌာနဦးစီးမှူးရုံးခွဲများမှ လစာကျန်ပင်စင်ခွင့်ပြုမိန့် တောင်းခံခြင်းများနှင့် ပင်စင်ဆိုင်ရာကိစ္စရပ်များအား ခွင့်ပြုချက်ချမှတ် ဆောင်ရွက်ပေးနေသော ဌာနခွဲကြီး(၁)ခု ဖြစ်ပါသည်။

ပင်စင်ဦးစီးဌာန(ရုံးချုပ်)၊ ပင်စင်လုပ်ငန်းဌာနခွဲကို -

(က) မြို့ပြ(ဦးစီး)တွက်ချက်ဌာနစိတ်

(ခ) လုပ်ငန်းတွက်ချက်ဌာနစိတ်

(ဂ) မြို့ပြငွေပေးဌာနစိတ်

(ဃ) နိုင်ငံရေးငွေပေးဌာနစိတ် ဟူ၍ ဌာနစိတ်ကြီး(၄)ခုဖြင့် ဖွဲ့စည်းထားပြီး ညွှန်ကြားရေးမှူး (၁)ဦး ၊ ဒုတိယညွှန်ကြားရေးမှူး(၁)ဦး ၊ လက်ထောက်ညွှန်ကြားရေးမှူး(၂)ဦး ၊ ဦးစီးအရာရှိ (၄)ဦး၊ အမှုထမ်း (၂၄)ဦး ၊ စုစုပေါင်း(၃၂)ဦးဖြင့် ဖွဲ့စည်းထားပြီး ပင်စင်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ ပင်စင်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ပင်စင်လုပ်ငန်းဌာနခွဲမှ ငွေပေးမိန့်ထုတ်ပြန်ပေးပြီးသော ငွေပေးမိန့်အချို့တွင် နယ်မြေဒေသလုံခြုံရေးအခြေအနေအရ စာတိုက်လမ်းကြောင်းဖြင့် ပေးပို့၍ မရရှိဘဲ၊ ပင်စင်ဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်ပင်စင်ဦးစီးဌာနတို့တွင် စာအိတ်များ ကျန်ရှိနေပြီး နှစ်ကျော်လွန်လျက်ရှိခြင်း ၊ အငြိမ်းစားအချို့ အခြားဒေသများသို့ ပြောင်းရွှေ့နေရခြင်းများကြောင့် ပင်စင်လစာများ ပုံမှန်မထုတ်ယူနိုင်ဘဲ လစာကျန်ပင်စင်များအဖြစ် ကျန်ရှိနေကြောင်းကို များစွာ တွေ့ရှိရပါသည်။

ဤကဲ့သို့ ဖြစ်ပေါ်နေခြင်းကြောင့် အငြိမ်းစားများအနေဖြင့် မိမိတို့ရသင့်ရထိုက်သည့် ပင်စင်လစာနှင့် လုပ်သက်ဆုငွေများ အချိန်မီမရရှိကြဘဲ အခက်အခဲများ ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ အငြိမ်းစားများအနေဖြင့် သက်ဆိုင်ရာပင်စင်ဦးစီးဌာနများသို့ လူကိုယ်တိုင်ဖြစ်စေ၊ မိသားစုဝင်များထဲမှ တစ်ဦးဦးအား ကိုယ်စားလှယ်ဖြင့်စေလွှတ်၍ဖြစ်စေ သက်ဆိုင်ရာပင်စင်ဦးစီးဌာနများနှင့် ဆက်သွယ်၍ ဆောင်ရွက်သွားနိုင်ပါကြောင်း အသိပေးအကြောင်းကြား နှိုးဆော်တိုက်တွန်းအပ်ပါသည်။

လက်ထောက်ညွှန်ကြားရေးမှူးများ
(ပင်စင်လုပ်ငန်းဌာနခွဲ)

မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်

၁။ မူဝါဒ ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ လုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မူဝါဒဌာနစုအနေဖြင့် ၂၀၂၅ ခုနှစ် ၊ ဧပြီလမှ ဒီဇင်ဘာလအထိ ဝန်ကြီးဌာနများ ၊ ဦးစီးဌာန ၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်ပင်စင်ရုံးများမှ သဘောထားမှတ်ချက် မေးမြန်းလာသည့် အမှုတွဲများမှာ-

(၁)	သက်ပြည့်ပင်စင်	(၂) ခု
(၂)	နှစ်ပြည့်ပင်စင်	(၄) ခု
(၃)	နာမကျန်းပင်စင်	(၂) ခု
(၄)	မိသားစုအထူးပင်စင်	(၄၁) ခု
(၅)	မိသားစုပင်စင်	(၂၄) ခု
(၆)	လျှော့ပေါ့ပင်စင်	(၂၇) ခု
(၇)	ကရုဏာကြေး	(၄) ခု
(၇)	သီးခြားသဘောထားမှတ်ချက်	(၃၄) ခု
	စုစုပေါင်း	**(၁၃၈) ခု**

(ခ) လုပ်ငန်းစစ်ဆေးရေးဌာနစုအနေဖြင့် ၂၀၂၅ ခုနှစ် ၊ ဧပြီလမှ ဒီဇင်ဘာလအထိ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့သည် အောက်ပါ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ ကိုယ်တိုင်သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်-

(၁)	ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး	(၁)ကြိမ်
(၂)	မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး	(၁) ကြိမ်
(၃)	ပြည်ထောင်စုနယ်မြေ(နေပြည်တော်)	(၁) ကြိမ်

(ဂ) လုပ်ငန်းစစ်ဆေးရေးဌာနစုအနေဖြင့် ၂၀၂၅ ခုနှစ် ၊ ဧပြီလမှ ဒီဇင်ဘာလအထိ လုပ်ငန်းစစ်ဆေးရေး ဌာနစုမှ ညွှန်ကြားရေးမှူးဦးစီးသော သက်ဆိုင်ရာဌာနခွဲများမှ တာဝန်ရှိသူများပါဝင်သည့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် လတ်တလောနယ်မြေလုံခြုံရေးအခြေအနေအရ ခရီးသွားလာရန် ခက်ခဲသည့်အချိန်ဖြစ်သောကြောင့် အထွေထွေ ရုံးလုပ်ငန်းနှင့်စာရင်းများအား ရုံးချုပ်သို့ E-mail

စနစ်ဖြင့်ပေးပို့စေပြီး စစ်ဆေးခြင်း များဆောင်ရွက်၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေး ခဲ့ပါသည်-

(၁)	မွန်ပြည်နယ်ဦးစီးမှူးရုံး	(၁) ကြိမ်
(၂)	ကချင်ပြည်နယ်ဦးစီးမှူးရုံး	(၁) ကြိမ်
(၃)	ကရင်ပြည်နယ်ဦးစီးမှူးရုံး	(၁) ကြိမ်
(၄)	ချင်းပြည်နယ်ဦးစီးမှူးရုံး	(၁) ကြိမ်
(၅)	ကယားပြည်နယ်ဦးစီးမှူးရုံး	(၁) ကြိမ်
(၆)	ရှမ်းပြည်နယ်ဦးစီးမှူးရုံးခွဲ(လားရှိုးမြို့)	(၁) ကြိမ်
(၇)	စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး	(၁) ကြိမ်
(၈)	ရှမ်းပြည်နယ်ဦးစီးမှူးရုံးခွဲ(ကျိုင်းတုံမြို့)	(၁) ကြိမ်
(၉)	တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး	(၁) ကြိမ်
(၁၀)	မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး	(၁) ကြိမ်

တို့အား စစ်ဆေးခဲ့ပါသည်။ ဌာနတွင်းစာရင်းစစ်ဆေးရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အတွက် (နှစ်ချုပ်)စာရင်းများစစ်ဆေးခြင်း ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပထမ(၃)လပတ်နှင့် ဒုတိယ(၃)လပတ် စာရင်းများစစ်ဆေးခြင်း ၊ ပင်စင်ဦးစီးဌာန(ရုံးချုပ်) နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၏ အစီရင်ခံစာ စာအုပ်အား ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ပါသည်။ ဦးစီးဌာနအပြန်အလှန်စစ်ဆေးခြင်းအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တတိယ (၃)လပတ်စာရင်းများအား ၁၇-၂-၂၀၂၅ မှ ၂၀-၂-၂၀၂၅ နေ့အထိ လည်းကောင်း ၊ စတုတ္ထ(၃) လပတ်စာရင်းများအား ၂၂-၇-၂၀၂၅ မှ ၂၅-၇-၂၀၂၅ နေ့အထိလည်းကောင်း၊ စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများအား ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

(ဃ) ရုံးချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးရုံးများ၏ လစဉ် ရငွေ ၊ သုံးငွေစာရင်းများအား စစ်ဆေးပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြခဲ့သည့် အစီရင်ခံစာ များအား ပြည်ထောင်စုဝန်ကြီးရုံးနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ တင်ပြခဲ့ပါသည်။

(င) ပင်စင်ဦးစီးဌာန(ရုံးချုပ်) ၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးရုံးများ၏ လအလိုက် ပင်စင်ငွေပေးမိန့်ထုတ်ပြန်သော အမှုတွဲနှင့် QR Code တံဆိပ်ခေါင်း သုံးစွဲမှု အရေအတွက်ကိုက်ညီမှု ရှိ / မရှိ စစ်ဆေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။

(စ) မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူမြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း ၊ အောင်သာကန် မှ ဒုတိယမူလတန်းပြ ဦးအောင်ကျော်မြင့်၏ လုပ်သက်ဆက်စပ်ခံစားခွင့်ပြုနိုင်ရေးကိစ္စနှင့် ပတ်သက်၍ ပင်စင်ဦးစီးဌာန ၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သဘောထားမှတ်ချက် မေးမြန်းလာခြင်းအား မူဝါဒအဖွဲ့ဝင်များနှင့် ဆွေးနွေးဆုံးဖြတ်ပေးခဲ့ပါသည်။

မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ

ပင်စင်ဦးစီးဌာန

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့၌ ကျင်းပပြုလုပ်သော ၁၀/၂၀၂၅ ကြိမ်မြောက် မူဝါဒအစည်းအဝေး မှတ်တမ်း ဓာတ်ပုံ